နေ့စွဲ - ၂၀၂၀ ခုနှစ် မတ်လ ၃၀ ရက်　　　　ကြေငြာချက်အမှတ်: #၀၀၀၂

## COVID-19 ရောဂါပိုးနှင့် စပ်လျဉ်း၍ ပြည်သူလူထုအား အသိပေး ထုတ်ပြန်ကြေငြာချက်

(အဆင့် ၁ တွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ)

COVID-19 အရေးပေါ်အခြေအနေကို တုန့်ပြန်သောအားဖြင့် ယခုလုပ်ငန်းစဉ်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်းမှ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ကပ်ရောဂါကိုတွန်းလှန်တိုက်ထုတ်ရန်နှင့် ကျွန်ုပ်တို့ အိမ်ရာဝင်းတွင် နေထိုင်လျက်ရှိသော လူကြီးမင်းများ၊ ဝန်ထမ်းများနှင့် ၎င်းတို့အား မှီခိုနေရသူများ၏ ကျန်းမာရေး ထိခိုက်မှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်အဖြစ် ဆက်လက်လည်ပတ်နိုင်စေရေး အတွက် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

Star City သည် လူထုဗဟိုပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့်အားလျော်စွာ အိမ်ရာတွင်နေထိုင်သူများ၏ ကျန်းမာရေး၊ သာယာရေးနှင့် ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့အားလုံး၏ အထူးဦးစားပေးဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါပိုး ပြန့်နှံ့မည့် အန္တရာယ်ကို ထိန်းချုပ်နိုင်ရန်အတွက် အောက်ပါ လုပ်ဆောင်ချက်များကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### အဆင့် ၁ - COVID-19 ပြန့်နှံ့မှု လျှော့ချရန် နယ်မြေအတွင်း သွားလာလှုပ်ရှားမှုများအား အတိုင်းအတာတခုအထိ ကန့်သတ်ခြင်း

- ဤကာလအတွင်းတွင် ကြယ်စင်အိမ်ရာဝင်းအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၏ သွားလာ လှုပ်ရှားမှုများကို ကန့်သတ်ထားမည်ဖြစ်သည်။ ထို့အပြင် စီမံကိန်းလုပ်ငန်းတာဝန်များကို လျှော့ချသွား မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းအသစ်များ စတင်ခြင်းကိုလည်း ပြုလုပ်တော့မည်မဟုတ်ပါ။
- လုပ်ငန်းခွင်တွင် မရှိမဖြစ် တာဝန်ထမ်းဆောင်ရန် လိုအပ်သော ဝန်ထမ်းများအား အလှည့်ကျစနစ်ဖြင့် တာဝန်ထမ်းဆောင်စေမည်ဖြစ်ပြီး လုပ်ငန်းခွင်တွင် မရှိမဖြစ် တာဝန်ထမ်းဆောင်ရန် မလိုအပ်သော ဝန်ထမ်းများအား နေအိမ်မှ တာဝန်ထမ်းဆောင်စေမည် ဖြစ်ပါသည်။

- Community စင်တာနှင့် ရေကူးကန်၊ All-Star အားကစားခန်းမ၊ A5 ရေကူးကန်နှင့် All-Star ကလေးကစားကွင်းများကို ပိတ်ထားမည် ဖြစ်ပါသည်။
- Star City Links ဂေါက်ကွင်းကိုမူ အိမ်ရာတွင်နေထိုင်သူများနှင့် အသင်းဝင်များအတွက်သာ ဝန်ထမ်းအရေအတွက် အကန့်အသတ်ဖြင့် သီးသန့်ဖွင့်လှစ်ထားမည် ဖြစ်ပါသည်။
- အိမ်ရာစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဝန်ဆောင်မှုများကို ဝန်ထမ်းအရေအတွက် အကန့်အသတ်ဖြင့်သာ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။
- သီးသန့် အိမ်တွင်းသန့်ရှင်းရေးပြုလုပ်ပေးသော ဝန်ဆောင်မှုများကို ဆိုင်းငံ့ထားမည် ဖြစ်ပါသည်။
- အိမ်ရာဝင်းအတွင်း ဧပြီလကုန်အထိ ပွဲလမ်းသဘင်များ၊ လူစုလူဝေးဖြင့်ကျင်းပသော အခမ်းအနားများကျင်းပခွင့် ပြုတော့မည် မဟုတ်ပါ။
- အိမ်ရာဝင်းအတွင်းသို့ လာရောက်သော ဧည့်သည်များသည် အိမ်ရာအတွင်းသွားလာလိုသည့်နေရာနှင့် အကြောင်းပြချက်များကို လုံခြုံရေးဂိတ်တွင် စစ်ဆေးမေးမြန်းခြင်း ခံရမည်ဖြစ်ပါသည်။
- ဝန်ထမ်းများ၊ အိမ်ရာဝင်းအတွင်း နေထိုင်သူများနှင့် ဧည့်သည်များအား အောက်ဖော်ပြပါနေရာများတွင် ကိုယ်အပူချိန်တိုင်းပေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
    - အိမ်ရာဝင်း ဝင်ပေါက်
    - အရောင်းပြခန်း
    - ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး ရုံးခန်းများ
- ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းကို လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ပုံမှန်ကိုယ်အပူချိန်ထက် မြင့်မားနေသည့် မည်သူ့ကိုမဆို အောက်ဖော်ပြပါ အချက်များဆောင်ရွက်သွားမည် ဖြစ်ပါသည်။
    - ဝန်ထမ်းများကို နေအိမ်သို့ ပြန်လည်ပို့ဆောင်မည်ဖြစ်ပြီး ကျန်းမာရေး ကောင်းမွန်လာသည်အထိ နေအိမ်မှ အလုပ်လုပ်စေမည်ဖြစ်သည်။ TED အုပ်ချုပ်မှုအဖွဲ့မှ ၎င်းဝန်ထမ်း၏ ကျန်းမာရေးတိုးတက်မှုအခြေအနေများကို သိရှိစေရန် နေ့စဉ်စုံစမ်းမေးမြန်းသွားပါမည်။
    - ကိုယ်အပူချိန်မြင့်မားနေသော အိမ်ရာတွင်းနေထိုင်သူများကို ၎င်းတို့၏နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်လာသည်အထိ ၎င်းတို့၏နေအိမ်တွင် မိမိဘာသာသီးသန့်ခွဲခြားနေထိုင်စေမည် ဖြစ်ပါသည်။ TED အုပ်ချုပ်မှုအဖွဲ့မှ ၎င်းနေထိုင်သူ၏ ကျန်းမာရေးတိုးတက်မှုအခြေအနေများကို သိရှိစေရန် နေ့စဉ်စုံစမ်းမေးမြန်းသွားပါမည်။

- ကိုယ်အပူချိန်မြင့်မားနေသော ဧည့်သည်များကိုမူ အိမ်ရာဝင်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည် မဟုတ်သလို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရန်လည်း မေတ္တာရပ်ခံသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါအချက်များထဲမှာ မရှင်းလင်းသည်များကို မေးမြန်းလိုပါက customercare@yomaland.com သို့ စာပို့၍ စုံစမ်းမေးမြန်းနိုင်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီသိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အရေးပေါ် ကျန်းမာရေးဆိုင်ရာဌာနများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ

- ပန်းလှိုင်ဆေးခန်း (Star City) - 09 7753 9380
- ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန – 09-449001261, 09-794510057
- မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန – 09-2000344, 09-43099526
- ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန - 067-3431432, 067-3431434, 09-429228991, 09-459149477

- ပြည်သူ့ကျန်းမာရေး အရေးပေါ်တုန့်ပြန်ရေးဌာန – 067- 3420268
- သန်လျင်ဆေးရုံ - 056 21 511
- ချမ်းမြေ့မေတ္တာဆေးရုံ (သန်လျင်) – 09 42012 3047
- ပန်းလှိုင်စီလုံဆေးရုံ - 01-368 4323, 09-421042679
- International SOS Yangon: 01-657922, 09-420114536
- တရားဝင် Covid-19 Hotlines – 09756341601, 09756341602

ယခုလို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လူကြီးမင်းတို့ အားလုံး ကျန်းမာ၊ ဘေးကင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

Star City Management